## အမှာစကား

▣ Longman ကထုတ်တဲ့ စာအုပ်တွေဟာ ပညာရှင် တစ်ယောက်တည်း လုပ်တာ မဟုတ်ဘဲ ပညာရှင်တွေအများကြီး စုပေါင်းဖွဲ့စည်းပြီး စနစ်တကျကဏ္ဍခွဲပြီး သုတေသနပြုကြ၊ ရေးသားကြတာဖြစ်လို့ တင်ပြပုံရှင်းတယ်၊ ဖတ်ရတာ နားလည်လွယ်တယ်၊ လက်တွေ့ကျတယ်၊ ထိရောက်တယ်လို့ပြောရမယ်။

TOEFL စာမေးပွဲရဲ့ Structure and Written Expression Questions တွေကိုဖြေနိုင်ဖို့ Longman TOEFL Guide လမ်းညွှန်စာအုပ်မှာ တစ်ဆင့်ပြီး တဆင့်ပိုင်ခြားစိတ်ဖြာထားတဲ့ SKILL ပေါင်း (၆၀)ရှိပါတယ်။ အချို့ SKILL တွေက မြန်မာကျောင်းသားများအတွက်မဆန်းတဲ့၊ ကျွမ်းကျင်ပြီးသား သဘောတရားတွေဖြစ်ပြီး တစ်ချို့ကတော့ မြန်မာကျောင်းသားများ စိမ်းနေမယ့် ခက်ခဲတဲ့အချက်တွေပါ။ လွယ်တာတွေကို မြန်မြန်ဆန်ဆန်တိုတိုတုတ်တုတ်ရှင်းပြီး ခက်တာတွေကို အေးအေးဆေးဆေး ပြည့်ပြည့်စုံစုံရှင်းပေးပါမယ်။

Skill တစ်ခုပြီးတိုင်း လေ့ကျင့်ခန်းတစ်ခုလာပါတယ်။ Skills တွေကို သဘောတူရာ စုထားပြီး တစ်ခုပြီးတိုင်း စုပေါင်းလေ့ကျင့်ခန်း တစ်ခုထပ်ပေးပါတယ်။ ပြီးရင် Skill (1) ကနေ ရောက်တဲ့ထိကို (မေ့မသွားအောင်) TOEFL မေးခွန်းပုံစံအတိုင်း လေ့ကျင့်ခန်း ထပ်ကျင့်ရပြန်ပါတယ်။ မူရင်း စာအုပ်မှာ အဖြေတွေကို နောက်ဆုံးကျမှ တစုတဝေးတည်း ပေးထားပေမယ့် တပည့်တို့ ပိုအဆင်ပြေအောင် ဆရာက လေ့ကျင့်ခန်း တစ်ခုပြီးတိုင်း အောက်ခြေမှာ အဖြေထည့်ပေးထားပါတယ်။ နောက်ကို ခဏခဏ လှန်ကြည့်စရာမလိုဘဲ အဖြေတန်းတိုက်လို့ရအောင်ပါ။

Longman ပညာရှင်တွေရဲ့ ရှင်းပြမှုဟာ မြန်မာကျောင်းသားတွေအတွက် နားလည်ရခက်နေမယ်၊ လိုနေဦးမယ်ဆိုရင် ထပ်ဆင့်ဖြည့်စွက်ရှင်းပေးပါတယ်။ ပိုနေရင်တော့ ချုံ့လိုက်ပါတယ်။ စာသင်ခန်းထဲမှာ ရှင်းပြနေတဲ့ ရင်းနှီးတဲ့ လေသံပေါက်အောင် စကားပြောဟန်နဲ့ပဲ ရှင်းပြထားပါတယ်။

TOEFL ဖြေမယ့်သူများအတွက်သာမက အင်္ဂလိပ်ဘာသာစကားရဲ့ တည်ဆောက်ပုံတွေကို ကျွမ်းကျင်ပိုင်နိုင်နားလည်သဘောပေါက်ချင်သူများအတွက်ပါ လွန်စွာအကျိုးရှိမယ့် စာအုပ်ဖြစ်တာကိုတော့ ရဲရဲ့စွာ အာမခံပါတယ်။

အနေဒိသ ဩဒိသ မေတ္တာဖြင့်

**ဆရာဦးဉာဏ်ဝင်းထက် (စာပေဗိမာန်)**

## မာတိကာ
## CONTENTS


| No. | Topic | Page |
| --- | --- | --- |
| 1. | အမှာစကား | I |
| | **PART ONE**<br>**STRUCTURE** | |
| 2. | Chaper One<br>Sentences with One Clause<br>(ဝါကျကဏ္ဍ) ဝါကျပိုင်း တစ်ခုသာပါသော ဝါကျများ | 1 |
| 3. | Chapter Two<br>Sentences with Multiple Clauses<br>(ဝါကျကဏ္ဍ) ဝါကျပိုင်းတစ်ခုထက်ပိုပါသော ဝါကျများ | 11 |
| 4. | Chapter Three<br>More Sentences with Multiple Clauses<br>(ဝါကျကဏ္ဍ) ဝါကျပိုင်းတစ်ခုထက်ပိုပါသော နောက်ထပ်ဝါကျများ | 22 |
| 5. | Chapter Four<br>Sentences with Reduced Clauses<br>ချုံ့ထားသောဝါကျပိုင်းများပါသည့် ဝါကျများ | 32 |
| 6. | Chapter Five<br>Sentences with Inverted Subjects and Verbs<br>ကတ္တားနှင့် ကြိယာကို ရှေ့နောက်အစီအစဉ်ပြောင်းထားသော ဝါကျများ | 43 |

| No. | Topic | Page |
| --- | --- | --- |
| | **PART TWO**<br>**WRITTEN EXPRESSION** | |
| 7. | Chapter One<br>Problems with Subject / Verb Agreement<br>ကတ္တားနှင့် ကြိယာကိုက်ညီမှုဆိုင်ရာအချက်များ | 60 |
| 8. | Chapter Two<br>Problems with Parallel Structure<br>အပြိုင်ဆင်တူဖွဲ့စည်းပုံများ၌ သတိပြုရန်အချက်များ | 70 |
| 9. | Chapter Three<br>Problems with Comparatives and Superlatives<br>သာလွန်နှင့် အသာလွန်ဆုံး အဆင့်ပုံစံ၌ သတိပြုရန်အချက်များ | 80 |
| 10. | Chapter Four<br>Problems with the Form of the Verb<br>ကြိယာဖွဲ့စည်းပုံ၌ သတိပြုရန်အချက်များ | 88 |
| 11. | Chapter Five<br>Problems with the Use of the Verb<br>ကြိယာသုံးပုံ၌ သတိပြုရန်အချက်များ | 94 |
| 12. | Chapter Six<br>Problems with Passive Verbs<br>ကမ္မကာရက ကြိယာဆိုင်ရာ သတိပြုရန်အချက်များ | 105 |
| 13. | Chapter Seven<br>Problems with Noun<br>နာမ်ဆိုင်ရာ သတိပြုရန်အချက်များ | 112 |
| 14. | Chapter Eight<br>Problems with Pronouns<br>နာမ်စားဆိုင်ရာ သတိပြုရန်အချက်များ | 123 |

| No. | Topic | Page |
| --- | --- | --- |
| 15. | Chapter Nine<br>Problems with Adjectives and Adverbs<br>နာမဝိသေသနနှင့် ကြိယာဝိသေသနဆိုင်ရာ သတိပြုရန်အချက်များ | 131 |
| 16. | Chapter Ten<br>More Problems with Adjectives<br>နာမဝိသေသနဆိုင်ရာ ထပ်မံသတိပြုရန်အချက်များ | 139 |
| 17. | Chapter Eleven<br>Problems with Articles<br>အာတီကယ်ဆိုင်ရာ သတိပြုရန်အချက်များ | 148 |
| 18. | Chapter Twelve<br>Problems with Prepositions<br>ဝိဘတ်ဆိုင်ရာ သတိပြုရန်အချက်များ | 156 |
| 19. | Chapter Thirteen<br>Proplems with Usage<br>အသုံးအနှုန်းဆိုင်ရာ သတိပြုရန်အချက်များ | 162 |
| 20. | Structure Post-Test (Paper)<br>ပုံစံပြည့် မေးခွန်းစစ်ဆေးမှု | 170 |